

လှိုင်စာပေ

# မြပုလဲခင်

# တစ်မိုးအောက်မှာ

လုံးချင်းဝတ္ထုသစ်

အုပ်(၁၀၀)ပြည့်
အမှတ်တရ

Concept & Creation : Myat Thura (Koncept)

# အပိုင်း (၁)

## အခန်း (၁)

ဒေါက်တာနေရောင် ပြတင်းပေါက်မှ လိုက်ကာကို ဆွဲကာ မှန်ကို ဖောက်ထွင်း ဝင်ရောက် လာသော နံနက်ခင်း၏ နေရောင်ခြည်ကို ခိုလှုံရင်း ရောင်နီ အထူးကု ဆေးခန်း၏ ပြင်ပ၌ သွားလာ လှုပ်ရှားနေသော သူများကို ငေးကြည့် နေမိသည် ။

ကော်ဖီခွက်ကလည်း  လက်မှာ ကိုင်ထားသေးသည် ။ တစ်ငုံတော့ သောက်ပြီးပြီ။ ဆက်မသောက်ချင် တော့။ ကော်ဖီက အေးနေပြီ။ ပြတင်းပေါက်နားရှိ စားပွဲပေါ် လှမ်းတင်လိုက်သည် ။

ထိုစဉ် မှတ်တိုင်မှ ခပ်သုတ်သုတ် လျှောက်လာသော အမျိုးသမီး တစ်ယောက်သည် သူ့မျက်ဝန်းထဲ တိုက်ရိုက် တိုးဝင်လာသည် ။

မိန်းကလေး၏ လှုပ်ရှားမှု ...။ ဒီလှုပ်ရှားမှုက သူ့အတွေးပုံရိပ်၌ ရင်းနှီးရင်သန် နေတတ်သော လှုပ်ရှား မှုပင်။

‘ချိုင့်လေး ...’

အံ့ဩမှုကြောင့် သူ့နှုတ်ဖျားမှ လွှတ်ကနဲ အသံထွက် ခေါ်ဝေါ်မိလေသည် ။ ဟုတ်ပါသည် ‘ချိုင့်လေး’ ပါ။ ချိုင့်လေးမှ ချိုင့်လေး အစစ်။

ဘယ်တော့မဆို လမ်းကို ခပ်သုတ်သုတ် လျှောက်တတ်ပြီး လှုပ်ရှားမှုက အမြဲ သွက်လက် မြန်ဆန် နေတတ်သည် ။ ဘယ်လောက် ပင်ပန်း ပင်ပန်း မျက်နှာပေါ်မှ အပြုံးရိပ် မပျောက်တတ်။ ထိုအပြုံးရိပ်ကို ထူးခြားစွာ ကျက်သရေ ဆင့်စေရန် ပံ့ပိုးထားသည် က ပါးမို့မို့ နှစ်ဖက်ဆီမှ ပြုံးရောင်သန်းလိုက်ရုံနှင့် ခွက်ဝင် သွားတတ်သော ပါးချိုင့်လေး နှစ်ဖက်ပင် ။

'ဒါလီ...'

'ဟုတ်ကဲ့ ဆရာ ...'

'ညည်းနဲ့ ဂျူတီချိန်းမယ့် သူက ဘယ်သူလဲ ...'

'ရွှက်လှပန်းပါ ...'

'အိုကေ သူ့ကို ဂျူတီမဝင်ခင် ငါ့ ရုံးခန်း လာခဲ့ဦးလို့ ပြောလိုက်ပါ'

'ဟုတ်ကဲ့ ဆရာ ...'

ခွဲခန်းတာဝန်ခံ ဆရာမ ဒေါ်ဒါလီအား သူမှာ ကြားလိုက်သည် ။ ချိုင့်လေးနှင့် သူ ကွဲကွာသွားသော ကာလက (၁၀) နှစ်ကျော်ပြီ။ အရွယ်တွေက (၃၀) ဝန်းကျင်။ သူက ပြောင်းလဲနေပြီ။ ချိုင့်လေးက မပြောင်းလဲသေး။

ပါးပါးလှပ်လှပ် မြင့်မြင့်သွယ်သွယ် ခန္ဓာကိုယ်လေးက ဒီအတိုင်းပဲ။ ရုပ်အဆင်း မပြောင်းလဲ ပေမဲ့ ဘဝကတော့ ပြောင်းလဲလောက်ပြီ ထင်ပါသည် ။ ဆံပင်ကလည်း ရှည်လျားဆဲပင်။ ဆံအုံအရင်း၌ ကလစ်ကလေးတစ်ချောင်း ညှပ်လိုက်ရုံမျှနှင့် ချိုင့်လေး၏ ဆံပင်အလှဆင်ခြင်း ကိစ္စကပြီးမြောက် သွားလေပြီထင့်။ တာဝန်ချိန်၌ ဆံထုံးအက်အက်ကို နောက်တွဲ ထုံးထားတတ်သည် ။

သူ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဟောက်စ်ဆာဂျင်ဘဝ၊ ချိုင့်လေးက သူနာပြုသင်တန်း ဆင်းပြီးခါစ၌ တွေ့ဆုံခဲ့ကြသည် ။ ‘ချိုင့်လေး’ ဟူသော နာမ်စား အသုံးအနှုန်းလေးကို သူက စတင် သုံးစွဲခဲ့ခြင်း ဖြစ်သည် ။

အစက ပါးချိုင့်လေးခွက်ကာ ချိုပြုံးနေတတ်သော ရွှက်လှပန်းအား ‘ပါးချိုင့်လေး’ ဟု သူမ နောက်ကွယ် ခေါ်ဝေါ်ရာမှ ရှေ့တင်ပါခေါ်ဖြစ်လာသည် ။ နောက်ဆုံး ရင်းနှီးလာတော့ ‘ချိုင့်လေး’ ဟု ပင် အဖျားဆွတ်ခေါ်လိုက်သည် ။ သူနှင့် သူ့သူငယ်ချင်း တစ်သိုက်က ‘ချိုင့်လေး’ ဟု ခေါ်ကြသည် ။

‘တောက် တောက် ...’

စေ့ထားသော တံခါးကို လက်ချောင်းထိပ်နှင့် ခေါက်သည့် အသံထွက်လာသည် ။

သိလိုက်ပြီ။

‘ချိုင့်လေး’ လက်သံ။

သူ တံခါးဝဘေး၌ အသာ ကပ်ရပ်လိုက်သည် ။ ချိုင့်လေးနှင့် ပတ်သက်လာသောအခါ သူ့ကိုယ်သူ ပြန်လည် နုပျိုလာသည် ။ အထူးကုဆရာဝန်ကြီး ဟူသော ဂုဏ်သိက္ခာတွေ မေ့လျော့ သွားလေပြီ။

တံခါးလေး အသာဟကာ ပါးလှပ်သော ခန္ဓာကိုယ်လေးက လှစ်ကနဲဝင်ရောက်လာသည် ။

‘ဟင် ...’

အခန်းထဲ လူမတွေ့သောအခါ အံ့အားသင့်သွားဟန်နှင့် အာမေဋိတ်ကလေး ထွက်ပြီး နံရံကပ်ရပ် ထား သော သူ့ဘက်သို့ ဆတ်ခနဲ လှည့်ကြ

ည့်လိုက်သည် ။

***

ရွက်လှပန်း သိနေသည် ။ ဆာဂျင်သည် သူ့အား ကျိစယ်တော့မည်။ ရုံးခန်းစားပွဲကြီး၌ ဆာဂျင် မရှိ ကတည်းက တစ်နေရာရာမှ ပုန်းအောင်းကာ သူ့ကို နောက်ပြောင်လိမ့်မည်ဟု မဝံ့မရဲ မျှော်လင့်မိသည် ။

သို့သော် ဤမျှ မြန်ဆန်လိမ့်မည် မထင်။

'ဟိတ် ...'

'အာ ... '

ဘယ်ဘက် ပါးချိုင့်လေးထဲသို့ နူးညံ့သော လက်ညှိုးထိပ်ကလေး နစ်ဝင်သွားသည့် ခံစားမှုကို သူ ခံစား လိုက်ရပြီး ရွှန်းလဲ့တောက်ပြောင်ကာ အကြည်ရိပ် ယှက်သန်းနေသော မျက်ဝန်းအစုံနှင့် ထိပ်တိုက် ရင်ဆိုင်လိုက်ရသည် ။

'ချိုင့်လေး'

'ဆာဂျင်'

မဝံ့မရဲ မျှော်လင့်ချက်တို့ က ရှင်သန်လာသောအခါ အတိုင်းမသိသော ဝမ်းသာကြည်နူးမှုတို့ ခံစားရ သဖြင့် ဆာဂျင်ကို ခင်မင်လေးစားစွာ ကြည့်လိုက်မိသည် ။ ပါးပြင်ထက်မှ လက်ညှိုးကို ရုပ်သိမ်းပြီး သူ့ခေါင်းကို ဆတ်ခနဲပုတ်ကာ 'လာ ထိုင်ဦး' ဟု စားပွဲဆီသို့ ဦးဆောင် ခေါ်သွားသည် ။

ရွက်လှပန်း ဆာဂျင် နောက်ကျောကို ကြည့်ရင်း မပြောင်းလဲဘူး၊ ပို မို ခန့်ညားတည်ကြည် လာသည် ။ ဟောက်စ်ဆာဂျင် (အလုပ်သင် ဆရာ ဝန်) ဘဝမှ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ခွဲစိတ်အထူးကု သ မားတော်ကြီး ဖြစ်လာသည် ။ ဂုဏ်ရည် မြင့်မားလာသည် ။ အသက်က ခွဲခွာစဉ် ကာလကထက် (၇)နှစ် ကျော် လာခဲ့ပြီ။

'ထိုင် ညည်း ကျုပ် ဒီကို ရောက်လာမယ်ဆိုတာ ကြိုသိနေတယ် မှ တ်လား'

'ရက်စ် ဆာဂျင် ...'

'ကျုပ်ကို လာတွေ့ဖို့ ကော စိတ်ကူးရှိရဲ့ လား ...'

'ဆာဂျင်နဲ့ OT (ခွဲစိတ်ခန်း) မှာ ဆုံရမှာ ပဲ ...'

ရွက်လှပန်း အမှန်အတိုင်းပင် ဖြေလိုက်သည် ။ ဆာဂျင်၏ အသုံးအ နှုန်းများက အရင်အတိုင်းပင်။ ဘာမှ မပြောင်းလဲ။ ပြောင်းလဲ သွားတာ က ဆာဂျင် အိမ်ထောင်ကျ သွားခဲ့ပြီ။ အခုဆို အိမ်ထောင်သက်ပင် ၃-၄ နှစ်ခန့် ရှိလောက်ပြီ။

ဒါကလည်း သူ သတင်းစာ၌ ဆာဂျင်တို့ လက်ထပ်သတင်း တွေ့ရှိလို က်ရခြင်းကြောင့်ပင်။

'ကျုပ် အခေါ်တော် မဆင့်ရင် ရုံးခန်းလာတွေ့ဖို့ စိတ်ကူး မရှိဘူးပေ့ါ ဟုတ်လား ချိုင့်လေး ...'

ရွက်လှပန်း ပြုံးကာ ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည် ။

'တော်တော် ဟုတ်တယ်၊ ဒါထက် ညည်း အိမ်ထောင်ကျပြီလား'

ရွက်လှပန်း ခေါင်းခါလိုက်သည် ။

'အမေကော ...'

'ပြီးခဲ့တဲ့ နှစ်က ဆုံးသွားပါတယ် ...'

အမေ့အကြောင်း မေးသူရှိတိုင်း ရင်ဝယ် နင့်ကနဲဖြစ်ကာ ကြေကွဲစိတ်တို့ ဝင်လာဆဲ။ သို့သော် ချက်ချင်း ပင် ကြေကွဲမှုကို အပြုံးနှင့် ဖျောက်ဖျက်ကာ

'ဆာဂျင် ကော်ဖီ သောက်ပြီးပြီလား၊ ဘလက်ခ်ကော်ဖီ သောက်မလား၊ အိတ်ဒ် သာဒ်တီး (ဇနာရီ ၃၁) မှာ အိုတီ (ခွဲခန်း) ဝင်ဖို့ ရှိတယ်'

'အိုင် သိတယ် ...'

ရွက်လှပန်း အငြိမ် ထိုင်မနေတတ်သည့် ထုံးစံအတိုင်း ဆတ်ခနဲ ထကာ စားပွဲထောင့်စွန်းမှာ တင်ထား သော ကော်ဖီပန်းကန်ကို ယူသိမ်းကာ ပြောလိုက်သည် ။

'ဘလက်ခ် ကော်ဖီ ... သောက်မယ်နော် ...'

'ညည်း လက်ရာဆို သောက်မယ် ...'

'ဒါဖြင့် ... ခွင့်ပြုဦး ဆာဂျင် ...'

'နေဦး ချိုင့်လေး ဂျူတီအော့ဖ်က ဘယ်အချိန်လဲ ...'

'မနက်ဖြန် မနက် ရှစ်နာရီ ...'

'ဟင် အိုင့်အချိန်နဲ့ မတိုက်ပါလား ထမင်းစားချိန် အပြင်ထွက်လို့ ရရင် ဒီနေ့ ညနေ ညည်းကို ညနေစာ လိုက်ကျွေးမယ် ဖြစ်လား ...'

'ကျွန်မ တစ်ယောက်တည်းလား ...'

ရွက်လှပန်း ဆင်ခြင်ရမည်။ ဆာဂျင်နှင့် ပတ်သက်လာလျှင် မိမိဘက်က အမြဲ အဖြူရောင်သာ ဖြစ်စေရ မည်။

'ညည်း ခေါ်ချင်တဲ့ သူ ခေါ်ခဲ့လေ။ ငါလည်း သက်ဦးကို ခေါ်လိုက်မယ်။ ဒီကောင်ကို မှတ်မိသေးလား၊ ငါနဲ့ အတူ ဟောက်စ်ဆင်းတုန်းက တွဲတာလေ ...'

'မှတ်မိပါတယ် ...'

'ဟုတ်ပြီ သူနဲ့ ကိုယ် အခုထိ အတွဲ မပျက်သေးဘူး၊ ဒါပေမဲ့ သူက ဆေးမကုဘဲ စာရေးနေတဲ့ ဆရာဝန် အမျိုးအစားထဲ ပါသွားတယ်'

'ဟုတ်ကဲ့ နောက်မှ ပြောကြမယ် ဆာဂျင်၊ ကျွန်မ ယူနီဖောင်း မလဲရသေးဘူး။ နောက်ပြီး ဆာဂျင်ဖို့ ကော်ဖီ ဖျော်ပေးဦးမယ် ...'

ရွက်လှပန်း စကားကို တိကနဲဖြတ်ပြီး ခပ်သုတ်သုတ်ပင် ထွက်ခဲ့သည် ။

'ညည်းကတော့ အရင်အတိုင်းပါပဲလား ချိုင့်လေးရယ် ...'

ဆာဂျင်၏ ညည်းတွားသံက သူ့နောက်ပါး ကပ်ငြိ ပါ လာလေသည် ။ ဆာဂျင်၏ ဂုဏ်သိက္ခာကို သူ အမြဲ ထာဝရ လေးစားနေသူ ဖြစ်သည် ။ ရွှန်းလဲ့ တောက်ပနေသော ဆာဂျင်၏ မျက်ဝန်းရိပ်ဝယ် ပျော်ရွှင်ကျေနပ်နေသည် ။ သူနှင့် ပြန်လည် ဆုံတွေ့ရခြင်းအတွက် ဆာဂျင် ပီတိဖြစ်နေသည် ။

ဆာဂျင်လို ကျွမ်းကျင်ထက်မြက် ထူးချွန်သော ခွဲစိတ်သမားတော်နှင့် ခွဲခန်းဝင်ရမှာ ကို သူ့အနေနှင့် ပျော်ရွှင်မိလေသည် ။ ဆာဂျင်နှင့် သူသည် အပေးအယူ အချိတ်အဆက် မိသည် ။ ဆာဂျင် နှင့် အလုပ်လုပ်ရတာ အဆင်ပြေသည် ။ ယခင်ကတည်းက ဆာဂျင်သည် လက်အောက်ဝန်ထမ်းများ အပေါ် သွန်သင်၊ ပေးကမ်းစရာ ရှိလျှင်လည်း ရက်ရက်ရောရော ပေးကမ်း ချီးမြှင့်တတ်သူ ဖြစ်သဖြင့် ဆရာသမား ပီသသူ ဖြစ်သည် ။

ဆေးရုံ ဝန်ထမ်းအားလုံးကို သူ့မိသားစုသဖွယ် သဘောထားသူ ဖြစ်သည်။

ရွက်လှပန်း တွေးစရာကို ခေါင်းထဲထည့်၊ လုပ်စရာရှိသည် တို့ ကိုလည်း လက်က မပြတ်တမ်း လှုပ်ရှား လိုက်သည်။

အပြင် အဝတ်အစားကို ချွတ်၊ ခွဲခန်းဝတ်စုံကို ဝတ်လိုက်သည်။ နောက် ဆာဂျင်အတွက် အဖုံးပါသော ကြွေပန်းကန်လေးကို ယူကာ အရင်သွားပို့ပေးလိုက်သည်။ သံပုရာသီးက လက်ဖက်သုပ် စားကြရန် ရေခဲသေတ္တာထဲ ထည့်ပြီးသား ရှိနေ၍ တော်သေးသည်။

'ဆာဂျင်'

'ရက်စ် ချိုင့်လေး ယူခဲ့ ညည်းနဲ့ တွေ့ရတာ အရမ်းဝမ်းသာတယ်။ ငါ မေးစရာတွေလည်း ရှိနေတယ်၊ ညနေကျရင် တွေ့ကြမယ် ...'

'ရက်စ် ဆာဂျင် သောက်လိုက်ဦးလေ၊ အိုတီဝင်ရတော့မယ် ...'

'အိုကေ ...'

ခပ်နွေးနွေးခန့်သာ ရှိသော ဘလက်ခ်ကော်ဖီကို တစ်ချိုက်ချိုက်နှင့် သောက်လိုက်ပြီးချိန်၌ ဆာဂျင်အား ခွဲခန်းဝတ်စုံကို ဝတ်ပေးလိုက်သည်။

လက်ဆန့်လျှင် လက်အိတ်က အဆင်သင့်ပင် စွတ်ပေးလိုက်သည်။

ဒါတွေကို ရွက်လှပန်း လုပ်ပေးနေကျ။

'သိုင့်ခ်ကျူး ချိုင့်လေး၊ ညည်းနဲ့ မှ အဆင်ပြေတော့တယ်၊ ညည်းနဲ့ ပြန်လည်ဆုံတွေ့ခွင့် ရတာ ငါ့ အတွက် တော့ မင်္ဂလာပဲ ...'

'ကျွန်မလည်း ဝမ်းသာပါတယ်၊ ဘုရားသခင်က ကျွန်မကို

ကောင်းချီးပေးတယ်လို့ ပဲ မှတ်ယူထား ပါတယ် ...'

'အိုကေ သွားစို့ ...'

ကပ်ရပ်ရှိ အိုတီ (ခွဲခန်း) သို့ ဆာဂျင်ရှေ့မှ ဦးဆောင်ကာ ရွက်လှပန်း ခပ်သုတ်သုတ်လေး လှမ်းလိုက် သည် ။

တကယ်ပါ အကျွမ်းတဝင်ရှိပြီးသား လေးစားရင်းရှိပြီးသား ဆာဂျင် တစ်ဦးနှင့် ခွဲခန်းဝင်ရမည်ဆိုတော့ ပျော်ရွှင်မိလေသည် ။ ကွဲကွာနေသော ဆရာသမားလည်း ဖြစ်နေပြန်သည် ။ နှစ်ရှည်လများ ကွဲကွာနေသော အစ်ကို တစ်ယောက်ကို ပြန်တွေ့လိုက်ရခြင်းအတွက် ဝမ်းမသာနိုင်ဘဲ ရှိပ့ါမလား။ သို့သော် အစစအရာရာတော့ သတိထားရမည်။

'ဝသောသူကို ကြင်နာကြနော်၊ ခွဲခန်းအတွင်း သွေးပူလေ့ကျင့်ခန်းလေး စလိုက်ကြရအောင် ...'

လူနာက အဝလွန်လူနာ ဖြစ်နေခြင်းကို ဆာဂျင်က မျက်နှာထားတည်တည်နှင့် အတည်ပေါက် နောက်ပြောင်ကျီစယ်ကာ မေ့ဆေးဆရာဝန် အချက်ပြလိုက်ချိန်၌ မိမိထံကမ်းလိုက်သော လက်အတွင်း ခွဲစိတ် ဓားကို ထည့်ပေးလိုက်သည် ။

ကမ္ဘာကြီး ကျဉ်းတယ်ဆိုခြင်းကို ရွက်လှပန်း လက်ခံလိုက်မိလေပြီ။ မေ့မရခဲ့သောသူနှင့် ပြန်လည် ဆုံဆည်းရပြန်ပြီ။

***

# အခန်း(၂)

'ဟိတ် ... ချိုင့်လေး ...'

'လုပ်ပြီ ... ဆာဂျင်ကလည်း ...'

တစ်ခါတစ်ရံ မိမိအထက် ကြောက်ရွံ့ရသော ဆရာသမားဆိုခြင်းကို မေ့လျော့နေတတ်သည် ။ ဒီပါးချိုင့် လေးကိုပဲ လက်ညှိုးကလေး ထောက်ကာ စတတ်သော ဆာဂျင်အပေါ် မငြိုငြင်ရက်သော်လည်း ပတ်ဝန်းကျင်က မြင်တွေ့သွားမှာ ကို စိုးရိမ်သည် ။

'လာ ချာတိတ် ညည်းကို လာခေါ်တာ ...'

ခွဲစိတ်ခန်း တာဝန်ခံ ဆရာမတို့ နားနေခန်း၏ ထောင့်ချိုးတစ်ကွေ့၌ ရပ်စောင့်နေသော ဆာဂျင်က သူ့ပါးချိုင့်လေးကို လက်ညှိုးနှင့် လှမ်းထောက်ကာ စလိုက်သည် ။ သူက ရှက်ရွံ့သလို ငြူစူသလို ပြောလိုက်သော်လည်း ဆာဂျင်က အရေးမစိုက်။

'ညည်း အဖော် မခေါ်ခဲ့ဘူးလား ...'

'မနော် ရှိရင်ရှိ၊ မရှိရင် ကျွန်မရှိမှ ဖြစ်မှာ ဆိုတော့ မနော်က ကျွန်မဂျူတီကိုပါ ယူနိုင်အောင် နေခဲ့တယ် ...'

'ညည်းအဖော်က ဒါပဲလား နော်စတယ်လာနဲ့ ငါနဲ့ မြစ်ကြီးနားမှာ ဆုံဖူးတယ်၊ သူလည်း တော်တယ်၊ ဒါပေမဲ့ ညည်းက ငါ့အထာကို အသိတ

တ်ဆုံးနဲ့ နားအလည်ဆုံးပဲ ကိုင်း ... လာ ...'

ဆရာဝန်များ အသုံးပြုရန်ဟူသော ဓာတ်လှေကားမှ သူတို့ နှစ်ယောက် ဆင်းလာစဉ် မေ့ဆေးဆရာဝန် ဒေါ်ထားဆွေနှင့် ဆုံလေသည် ။

'ဟာ မောင်လေး မင်း U.K (အင်္ဂလန်) က ပြန်ရောက်ပြီး မတွေ့ရသေးဘူး၊ ဒီကို ရောက်တယ်လို့ တော့ ကြားသား၊ ဘယ်တုန်းက ဝင်တာလဲ ...'

'မနေ့က ...'

'ရွှက်လှပန်းက ယူ့တပည့်လား ...'

'ဟုတ်ကဲ့ ...'

'ဆရာ တပည့် ပြန်ဆုံကြပြီပေါ့ ...'

ရွှက်လှပန်း ပြုံးပြလိုက်သည် ။ မမထားဟု သူတို့ ခေါ်သော ဒေါ်ထားဆွေသည် စပ်စုတတ်သူဖြစ်သည် ။ စကားကိုလည်း အမျှင်မပြတ် ပြောနိုင်သူဖြစ်သည် ။

'ဟုတ်တယ် မမထား ကမ္ဘာကြီးက သိပ်ကျဉ်းလွန်းတော့ မမထားနဲ့ ကျွန်တော်လည်း မဆုံချင်ဘဲ ဆုံရ ပြန်ပြီ၊ မမထားမျက်နှာကို မြင်တိုင်း ကိုကိုကြီး မျက်နှာကို မြင်ယောင်နေရဦးမယ် ...'

ဒေါ်ထားဆွေ မျက်နှာကြီး နီရဲကာ။

'နေရောင်နော် ယူ ငယ်ငယ်က အကျင့်တွေ မပျောက်သေးဘဲကိုး ... တို့ သွားမယ် ...'

ပထမထပ်၌ ဒေါ်ထားဆွေ ဆင်းသွားသည် ။ ဓာတ်လှေကားအတွင်း ဝင်မည့်သူ မရှိသောအခါ ဆက် ဆင်းလာစဉ်။

‘ချိုင့်လေး …’

ဆာဂျင်က သူ့ပါးချိုင့်အနီး လက်နှင့်လှမ်းထောက်ထားပြီး သူ့ဘက် မလှည့်သော ရွက်လှပန်းကို လှမ်းခေါ်လိုက်သည် ။ မလှည့်ဘဲ

‘ရက်စ် ဆာဂျင် …’

ဟု ထူးလိုက်သည် ။

‘ဟာကွာ …’

ဟု ဆိုကာ လက်ကို ရုပ်သိမ်းလိုက်သည် ။ ဓာတ်လှေကားက မြေညီ ထပ်သို့ ရောက်လေပြီ။

ဒေါက်တာနေရောင်က ရှေ့မှ ထွက်သွားသည် ။ ရွက်လှပန်းက နောက်မှ ခပ်သုတ်သုတ်ကလေး လိုက်ခဲ့ သည် ။

ဒေါက်တာနေရောင်၏ ခြေလှမ်းကြဲကြီးကို ခပ်စိပ်စိပ် ခပ်သွက်သွက် လှမ်းတတ်သော ရွက်လှပန်း အမြဲမှီနေတတ်သည် ပင်။

ဆရာဝန်ကားများ သီးသန့်ရပ်နားရာ နေရာသို့ လျှောက်သွားကြသည် ။

အဖြူရောင် ဆလွန်းကားတစ်စီး အနီး ရပ်ကာ ကားသော့ ဖွင့်လိုက်သည် ။ ဆာဂျင်ကားသည် အကောင်းစား တန်ဖိုးကြီးကြီးတန်သော ကားဖြစ်မည်ဟု ရွက်လှပန်း ခန့်မှန်းလိုက်သည် ။ ဘယ်လောက် တန်မှန်း ဘာအမျိုးအစားမှန်း မသိ နားမလည်။ ဒါတွေကိုလည်း ရွက်လှပန်း စိတ်မဝင်စားတတ်ချေ။

‘ဟိတ် ရှေ့မှာ ထိုင် ချိုင့်လေး၊ ဟိုဘက်က သွားတက်၊ ညည်းက နောက်မှာ ထိုင်ရင် ကျုပ်က အလိုအလျောက် ဒရိုင်ဘာ ဖြစ်သွားမှာ ပေါ့ကွာ’

ရွက်လှပန်း ငြင်းဆန်ရန် စကားလုံး ရှာမရ။ ဒီလိုပဲ ဆရာဝန်အချင်းချင်း၊ ဆရာဝန်နှင့် သူနာပြုတို့ အကြောင်းကိစ္စ အမျိုးမျိုးကြောင့် ကားကြုံလိုက်၊ ဟိုအထူးကုဆေးခန်းမှ ဒီအထူးကုဆေးခန်းသို့ ကူးချည် သန်းချည်တို့ ရှိနေတတ်သည် ။

ရွက်လှပန်း ငြင်းဆန်လိုက်ပါက ဆာဂျင်၏ ဂုဏ်သိက္ခာကို စော်ကားသကဲ့သို့ ဖြစ်သွားနိုင်သည် ။ ထို့ကြောင့်

'ရက်စ် … ဆာဂျင်'

ဟု ဆိုကာ ကားနောက်ပိုင်းကို ကွေ့ပတ်ပြီး ရှေ့ခန်း၌ ယှဉ်တွဲထိုက်လိုက်ရသည် ။

'ဘယ်ဆိုင်မှာ … စားချင်သလဲ …'

'ဘယ်ဖြစ်ဖြစ် … ရပါတယ်'

'ရှမ်းကန်ပဲ သွားရအောင်၊ ကန်ရေပြင်လေးကြည့်ရင်း ရှူရှိုက်ရင်း အပန်းဖြေလို့ ရတာပေ့ါ …'

'ဆာဂျင် သဘောလေ …'

'ရောက်ဖူးရဲ့ လား …'

'ရောက်ဖူးပါတယ်၊ ခရစ်စမတ်တုန်းက တူ၊ တူမတွေ၊ ဝမ်းကွဲ မောင်နှမတွေနဲ့ ဘူဖေးလာစားကြတာ …'

'တူမတွေကော …'

'အိမ်ထောင်ကျတဲ့ သူကကျ၊ ယူအက်စ်ထွက်တဲ့ သူကထွက်၊ အလုပ်ခွင်ဝင်တဲ့ သူက ဝင်နဲ့ ကျွန်မ လက်က အားလုံး လွတ်ကုန်ပါပြီ

'အမေက လူကြီးရောဂါနဲ့ ပဲ ဆုံးတာလား …'

'ဟုတ်ပါတယ်၊ မီးစာကုန် ဆီခန်းတဲ့ သဘောပါပဲ၊ (၈၅) အထိ နေပေးသွားတာကိုကပဲ ဘုရားသခင်ရဲ့ ချီးမြှင့်မှုလို့ မှတ်ယူပြီး ဝမ်းနည်းမှုကို ဖြေနိုင်ပါတယ် ... ဆာဂျင်'

'ဒါပေါ့ ညည်းဟာ သားသမီးဝတ္တရား ကျေပွန်တဲ့ သမီးရတနာပဲ၊ မိခင်ကို လိုလေသေးမရှိ ကျွေးမွေး နိုင်တယ်၊ ကိုယ်ဖိရင်ဖိ ပြုစုနိုင်တယ်၊ ညည်းရဲ့ စိတ်ကောင်း စေတနာကောင်းကြောင့် ဘုရားသခင်က ညည်းကို ထာဝရ စောင့်ရှောက်နေမယ်လို့ ငါယုံကြည်ပါတယ် ချိုင့်လေး ...'

'သိုင့်ခ်ကျူး ဆာဂျင် ကျွန်မလည်း အဲဒီလိုပဲ နှလုံးသွင်းထားပါတယ် ...'

'ဒီနေ့ ... ဒင်နာကတော့ ညည်းနဲ့ ငါ နှစ်ယောက်တည်းပဲ ကျင်းပရလိမ့်မယ် ချိုင့်လေးရေ ...'

'ဘာဖြစ်လို့ လဲ ဆာဂျင် ... ဆာဂျင် ကိုသက်ဦးကော မလာဘူးလား ...'

'သက်ဦးက စာပေဟောပြောပွဲနဲ့ ဒိုက်ဦးကို သွားနေတယ်တဲ့ လေ ...'

'ဩော် ... လောကကြီးက ဆန်းကျယ်တယ်နော်၊ ဆရာဝန်ဖြစ်ဖို့ ဆေးပညာကို နှစ်အတော်ကြာ သင်ယူ တတ်မြောက်ပြီးမှ ဆေးမကုဘဲ စာရေးနေတယ်လို့ ...'

'စာရေးတယ်ဆိုတာ ပါရမီပါမှ ဖြစ်တာ ကလေးမရဲ့ ၊ ဆရာဝန်က အပတ်တကုတ် ကြိုးစား အားထုတ် ရတယ်၊ အင်း ဒါလည်း ပါရမီတစ်မျိုးတော့ ပါရမယ်၊ လူတိုင်း ဆရာဝန် အလုပ်ကို ဝါသနာပါမယ် မထင်ဘူး ...'

‘အောင်မြင်တဲ့ သမားတော်ဆိုတာလည်း ဝါသနာ၊ စေတနာနဲ့ ကြိုးစားမှုတွေ ပါဝင်တဲ့ ပါရမီရှင်ပါပဲ ဆာဂျင်၊ ဆာဂျင်ကို ဒီလိုအနေအထားမျိုးတွေ့ရတာ ကျွန်မ ဂုဏ်ယူပါတယ် ဆာဂျင် Congradulation (ဝမ်းသာပါတယ်) ပါ ဆာဂျင် ...’

ဆာဂျင်က ပြုံးလိုက်သည် ။ ကားသည် ကန်တော်မင် ပန်းခြံဘက်မှ ဝင်ကာ ကားရပ်နားရန် နေရာ၌ ရပ်နားလိုက်သည် ။

ရွှက်လှပန်း ကားတံခါးဖွင့်ကာ ဆင်းလိုက်ပြီး ကားသော့ကို ချထားလိုက်သည် ။ နောက် ဆာဂျင်ဘက် တံခါးကို ဖွင့်ပေးရန် ကားခေါင်းကို ကွေ့ပတ်နေစဉ်မှာ ပင် ဆာဂျင်က ကားတံခါးဖွင့်ကာ ဆင်းပြီး သော့ခတ် လိုက်သည် ။

‘အပြင်မှာ ခြင်ကိုက်မယ် ... အထဲပဲ သွားရအောင်’

‘ဆာဂျင် သဘောပါ’

ဆာဂျင်နှင့် ပတ်သက်လာလျှင် ရွှက်လှပန်း ယုံကြည်သည် ။ ဆာဂျင်သည် စိတ်ကို ထိန်းချုပ်နိုင်စွမ်း ရှိသည် ။ ဂုဏ်သိက္ခာနှင့် နေထိုင်တတ်သူ ဖြစ်သည် ။ သူနှင့် လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများ မက လက်အောက် ဝန်ထမ်းများကို မိသားစုသဖွယ် ရင်းရင်းနှီးနှီး ဆက်ဆံတတ်သည် ။ အခက်အခဲရှိလျှင်လည်း အကူအညီ ပေး တတ်သည် ။

‘ဘာစားမလဲ ...’

‘ဆာဂျင်ပဲ မှာ ပါ’

‘ကိုယ့် ကျန်းမာရေးကော ကိုယ် စစ်ဆေးရဲ့ လား၊ ဘာရောဂါရှိသလဲ
’

ရွှက်လှပန်း ပြုံးကာ ခေါင်းခါလိုက်သည် ။ တစ်ခါတစ်ရံမှ

ရောဂါကြီးကြီးကျယ်ကျယ် မဖြစ်ဖူးခဲ့ချေ။

ဆာဂျင်က မီနူးကတ်ကို သူ့လက်ထဲထည့်၍ ...။

'ညည်းပဲ ပွဲသေး ငါးပွဲလောက် မှာ ပေးစမ်းပါကွယ်၊ ထမင်းမမှာ နဲ့တော့ ...'

'ငါးပွဲတောင် ... ကုန်ပါ့မလား'

'ကုန်အောင်စားရမယ် ညည်းဘော်ဒါတွေအတွက် ဘဲကင်နဲ့ ထမင်းကြော် ညလယ်စာအတွက် ဝယ်ပေး လိုက်မယ်'

ရွှက်လှပန်း ဆာဂျင်အပေါ် ခင်မင်ခြင်းတွင် ထိုကဲ့သို့ သိတတ်မှုလေးတွေကြောင့်လည်း ပါသည် ။

'ကိုင်း ... ညည်း မျိုကျနိုင်ပြီလား'

ပြုံးကာ ခေါင်းညိတ်ပြီး ဆာဂျင်ကြိုက်တတ်သော ပုဇွန်ထုပ်ကြော်နှင့် ငါးအကျွတ်ကြော်၊ ငါးခေါင်း ဟင်းချို၊ ဝက်နှင့်မှိုကြော်၊ ကြက်သားလုံး ချိုချဉ်ကြော် မှာ လိုက်သည် ။

'ဆာဂျင် ... ဘီယာ သောက်ချင်သောက်လေ'

ဒေါက်တာနေရောင်က ပြုံးကာ ပါးချိုင့်ကို လက်နှင့်လှမ်းထောက်ကာ ...။

'ညည်းက ကျုပ်ကို အရက်သမား အောက်မေ့နေလို့ လား၊ ရေနွေးသောက်မယ်၊ ဘဲကင်တစ်ခြမ်း အရင် ချပေး၊ ဩော် ဇွန်း၊ ခက်ရင်းနဲ့ ပန်းကန်ပြားပေး၊ ချိုင့်လေး Cola (ကိုလာ) သောက်မလား ...'

'ရေနွေးကြမ်းပဲ သောက်မယ် ဆာဂျင် ...'

စားပွဲထိုးလုလင်လေး ထွက်သွားသောအခါ ဆာဂျင်က ...။

‘ဆေးရုံမှာ လုပ်တုန်းပဲလား … ချို့င်လေး’

‘ထွက်လိုက်ပြီ …’

‘ဘာဖြစ်လို့ အိမ်ထောင်မပြုသေးတာလဲ …’

‘ကျွန်မ ဖူးစာရှင်မှ မတွေ့သေးဘဲ ဆာဂျင် …’

ဟု ရိုးသားစွာ ဖြေလိုက်သည် ။ ဆာဂျင်က ပြုံးကာ။

‘ညည်းက ကြေးများ လို့ ဖြစ်မှာ ပါ၊ အခု အသက်သုံးဆယ် ပြည့်ပြီ လား …’

‘သုံးဆယ်နဲ့ နှစ်လ ရှိပြီ …’

‘အပျိုကြီးစာရင်း ဝင်သွားပြီပေါ့၊ ဘယ်သူနဲ့ နေလဲ …’

‘တူမ နှစ်ယောက်နဲ့ …’

‘ကိုယ်ပိုင်အိမ် ရပြီလား …’

ရွှက်လှပန်း ပြုံးကာ ခေါင်းခါရမ်းလိုက်သည် ။

‘တိုက်ခန်း ငှားနေတယ် …’

ဆာဂျင်က ကရုဏာမျက်ဝန်းဖြင့် လှမ်းကြည့်လေသည် ။

‘ဖလမ်းက အိမ်ကော …’

‘ရှိပါတယ် အစ်မမိသားစု နေတယ် …’

ရွှက်လှပန်းကလည်း ဆာဂျင်ကို မေးချင်သည့် မေးခွန်းတွေ အများကြီး ရှိလေသည် ။

‘ငါကချည်းပဲ မေးနေရတယ်၊ ချို့င်လေးကကော ဆာဂျင်ကို မေးစရာ မေးခွန်းတွေ မရှိတော့ဘူးလား …’

‘ရှိတာပေါ့ ...’

ထိုစဉ် စားပွဲထိုးလုလင်က ရေနွေးကြမ်း ပန်းကန်နှင့် ဘဲကင်ကို လာချပေးသည် ။ စကား ခေတ္တ ပြတ်သွားကြသည် ။ ပြီးမှ ။

‘ရှိရင် မေးလေ ...’

‘ဆာဂျင် သားသမီး ဘယ်နှစ်ယောက် ရပြီလဲ ...’

ဆာဂျင်က ပြုံးကာ ခေါင်းခါလိုက်သည် ။ ရွက်လှပန်း အံ့အားသင့်သွားသည် ။ ဆာဂျင်သည် ကလေး ချစ်တတ်သူ ဖြစ်သည် ။ လူနာထဲ၌ ကလေးလူနာပါလျှင် ထိုကလေးအတွက် အရုပ်ကလေးများ ဝယ်ပေးပြီး အချိန်ပိုလေး ထွက်သည် နှင့် ကလေးနားရောက်ကာ ကလေးနှင့် စကားပြောနေတတ်သူ ဖြစ်သည် ။

ဆာဂျင် အပြုံးက မချိုပြုံးဟု ထင်သောအခါ ရွက်လှပန်း ထပ်မမေးတော့။

‘အန်တီတို့ မမတို့ ကော နေကောင်းကြရဲ့ လား ဆာဂျင် ...’

မေးခွန်းကို လွှဲပြောင်းလိုက်သည် ။ ဆာဂျင်က ခေါင်းညိတ်ကာ ဘဲကင်တစ်တုံးကို တူနှင့်ယူကာ ရွက်လှပန်း ပန်းကန်ထဲသို့ ထည့်ပေးလေသည် ။ ဆာဂျင်၏ အစ်ကိုကြီးတစ်ဦးက ညီမငယ်ကို ဂရုတစိုက် ပြုမူမှုမျိုးကို ရွက်လှပန်း မမေ့နိုင်ခဲ့။ ယခုတစ်ဖန် သံသရာတစ်ကွေ့ ပြန်လည်ဆုံတွေ့ကြမှုဝယ်။ ယခင်က ထက်ပို၍ သတိထားသင့်လေသည် ။

‘စား ... ချိုင့်လေး၊ အားပါးတရ လက်နဲ့ သာစား ...’

‘ကျွန်မ အချိန်သိပ်ရမှာ မဟုတ်ဘူး နော် ဆာဂျင်၊ အိုဂျီ ဒေါ်စိုးစိုးက ကျွန်မ ဂျူတီရှိရက်နဲ့ မဝင်ရင် သိပ်စိတ်ဆိုးမှာ သူကလည်း ကျွန်မကို လက်စွဲပဲ ...’

'ဟုတ်လား ဒီလိုပဲ ဆာဂျင်နေရောင်ကလည်း ရွှက်လှပန်းကို လက်စွဲပဲ၊ ဂျူတီရှိရက်နဲ့ မဝင်ရင် စိတ်တို မိမှာ အမှန်ပဲ ကဲပါ စကားမများ နဲ့ ချိုင့်လေး ညည်းနဲ့ တွေ့ရတော့ ဝမ်းသာတယ်၊ ညည်း အိမ်လိပ်စာပေး၊ ညည်းမှာ ဘာအခက်အခဲရှိလဲ ငါ ဘာကူညီပေးရမလဲ ဒါတွေသိချင်လို့ ပြီးတော့ ညည်းကို တမင် ညစာကျွေး ချင်တဲ့ စေတနာရှိလို့ ခေါ်လာတာ'

ဟင်းတွေ တစ်ပွဲပြီးတစ်ပွဲ ချလာသည် ။ စကားမပြောကြတော့ဘဲ စားသောက်ဖြစ်ကြသည် ။ ဆာဂျင်က တို့ ကနန်းဆိတ်ကနန်း စားနေပြီး ရွှက်လှပန်းကိုသာ ဂရုတစိုက် ထည့်ပေးလေသည် ။ ရွှက်လှပန်းက လှမ်း၍ ယူစရာမလိုအောင်ပင် ဆာဂျင်ကချည်း ထည့်ပေးသဖြင့် ပန်းကန်ထဲ၌ ပြည့်လျှံနေသည် ။

'တော်ပြီ … ဆာဂျင် ကျွန်မဝနေပြီ၊ ဗိုက်ကြီးဖောင်းကားနေပြီ၊ အိုတီဝင်ပြီး ငိုက်နေလို့ အဆူခံနေ ရဦးမယ် …'

'ညည်း … ငိုက်တတ်လို့ လား …'

'သိပ်ပင်ပန်းရင် ငိုက်မှာ ပေါ့ …'

'ကဲပါ ကလေးရယ် စားနိုင်သလောက် စားစမ်းပါ၊ ပိုနေတာတွေလည်း ထည့်ပေးလိုက်မယ် …'

'သိုင့်ခ်ကျူး … ဆာဂျင် …'

ရွှက်လှပန်းက လုပ်ဖော်ကိုင်ဖက်များ အတွက် ဝမ်းသာသွားသည် ။ ပုဒ္ဒနိုက ၄ ကောင်တောင် ပိုသေး သည် ။ သာမန်လူတန်းစားတွေအနေနှင့် ပုဒ္ဒန်ထုပ်နား မသိနိုင်ခဲ့ကြ။

'နာရီ တကြည့်ကြည့် လုပ်မနေနဲ့ ၊ ညည်း ငါနဲ့ ပြန်လက်တွဲရတာ ဝမ်းမသာဘူးလား …'

‘ဘယ်နဲ့ မေးပါလိမ့် ဆာဂျင်၊ ဝမ်းသာတာပေ့ါ၊ ခုလို ဂရုတစိုက် ကျေးမွေးတဲ့ အတွက်လည်း ဝမ်းသာ ပါတယ် ...’

‘ငါလည်း ညည်းနဲ့ ပြန်ဆုံဖို့ အမြဲမျှော်လင့်ခဲ့တာ ညည်းကို ဘယ်မှာ ရှိသလဲဆိုတာ စုံစမ်းပြီးပေးဖို့ လက်ဆောင်ရှိနေတယ်၊ ညည်းအိမ်ကို ငါ ကိုယ်တိုင် လာပို့ပေးမယ်’

ရွှက်လှပန်း ရင်ထဲ နာကျင်ရှတတလေး ဖြစ်သွားသည် အထိ ခံစား လိုက်ရလေသည် ။ ဆာဂျင်က သူ့ကို တန်ဖိုးထားကာ သတိတရ ရှိနေခြ င်းက အံ့သြဖွယ်ကောင်းနေသည် ။

မေတ္တာဆိုတာ အပြန်အလှန် သက်ရောက်မှု ရှိတတ်သလားဟု ရွှက် လှပန်း တွေးမိလေသည် ။ သူကိုယ်တိုင်လည်း တိုက်ဆိုင်မှုလေးတွေ ရှိ လာသည့် အခါတိုင်း ဆာဂျင်ကို သတိရ နေတတ်သည် ပင်။

‘ကိုင်း ထ ချာတိတ်၊ ပြန်ကြမယ် နေဦး ရော့ ဒီမှာ ညည်း လိပ်စာရေး ရော့ ဒီကတ်နောက်မှာ ရေးထားတဲ့ Hand phone (လက်ကိုင်ဖုန်း) ကိုပဲ ညည်းခေါ်၊ ဒီဖုန်းနံပါတ်က လူတိုင်းကို ပေးမထားဘူး’

‘သိုင့်ခ်ကျူး ... ဆရာ ...’

‘ချိုင့်လေး ...’

‘ရှင် ဆာဂျင် ...’

‘ညည်းမှာ ဘယ်လို အခက်အခဲ ရှိရှိ ငါ့ကိုပြောပါ၊ ငါ ညည်းကို အကူ အညီ ပေးချင်နေတယ် ...’

‘မရှိပါဘူး ဆာဂျင်၊ ကျွန်မမှာ ငဲ့ညှာစရာတွေ မရှိတော့ဘူး၊ ကျွန်မ လူနာတွေကိုပဲ အကူအညီပေး ချင်တယ်၊ ကိုယ်တတ်တဲ့ ပညာနဲ့ ရော မေတ္တာနဲ့ ပါ စောင့်ရှောက်ကူညီချင်တယ်၊ အကယ်၍ ဆာဂျင် အကူအ

ညီ လိုရင်သာ ကျွန်မကို အားမနာတိုင်း ခိုင်းပါနော် ...'

'ချိုင့်လေးရယ် ညည်းကိုကြည့်ရတာ သိပ်အေးချမ်းတာပဲ၊ လောကကြီးမှာ တင်းတိမ်ရောင့်ရဲခြင်းနဲ့ နေနိုင်ရင် အေးချမ်းတယ်နော်'

'ဒါပေါ့ ဆာဂျင်ရယ်၊ ဘုရားသခင်ရဲ့ အလိုအတိုင်း နေရတာ အေးချမ်းပါတယ်၊ ပေး ပေး ဆာဂျင် ကျွန်မ ဆွဲမယ် ...'

'ရပါတယ် ခင်ဗျာ၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်၊ ကားနံပါတ် ပြောပါခင်ဗျာ ...'

ဟိုတယ် အလုပ်သမားလေးက ကျွတ်ကျွတ်အိတ် နှစ်ထုပ်ကို ဆွဲကာ ကားပေါ်အထိ လိုက်တင်ပေးရာ ဆာဂျင်က ထိုအလုပ်သမားနှင့် ကားစောင့်နေသော အလုပ်သမားကို ဘောက်စူးပေးလိုက်သည်။

ဆာဂျင်နှင့် သူ့ဘဝသည် မိုးနှင့်မြေပမာ ကွာခြားကြောင်းကို ရွက်လှပန်း အစကတည်းက သတိပြု ခဲ့ပြီးသား ဖြစ်သဖြင့် ထူးခြားသော အားငယ်မှုမျိုး မဖြစ်ခဲ့ချေ။ လောကကြီး၌ လူတန်းစား မညီညွတ်မှု ရှိနေ တတ်သည်။ ဤသဘာဝကို ရွက်လှပန်း နားလည်ပြီးသား ဖြစ်သည်။

'ချိုင့်လေး လောကကြီးမှာ အရေးကြီးဆုံးက ဘာလို့ ညည်းထင်သလဲ ...'

'ဘာကို ဆိုလိုပြီး မေးတာလဲ ဆာဂျင် ...'

'လူ့ဘဝ သမိုင်းတစ်ခုမှာ ဂုဏ်သိက္ခာလား၊ ငွေလား၊ အချစ်လား၊ အဲဒါကို ငါမေးတာ ...'

'အဲဒါတွေ တစ်ခုမှ မဟုတ်ဘူး လို့ ကျွန်မယူဆတယ် ဆာဂျင် ကျွန်မကတော့ လူ့လောကကြီးမှာ မေတ္တာ တရားဟာ အရေးကြီးဆုံးပဲလို့ ထင်ပါတယ် ...'

ဆာဂျင်က ရွှက်လှပန်းကို ငဲ့စောင်းကြည့် လိုက်လေသည် ။ ရွှက်လှ ပန်းက ပြုံးပြလိုက်သည် ။ ဆာဂျင် သည် သူ၏ အိမ်ထောင်ရေးအကြော င်း မပြောပြခြင်းက ထူးခြားနေသည် ။

'ဟုတ်တယ် မှန်တယ် ချိုင့်လေး ငါလည်း လူအားလုံးကို မေတ္တာ ထားနိုင်အောင်ပဲ ကြိုးစားတော့မယ်၊ ဒါမှ ခံရတဲ့ ဝေဒနာဟာ သက်သာ လျော့ပါးနိုင်တယ် ...'

ထိုစကားစု၏ နောက်ကွယ်၌ ဆာဂျင့်ရင်ကို ထိခိုက်စေသော သူများ ရှိနေကောင်း ရှိနေလိမ့်မည်ဟု ရွှက်လှပန်း မှတ်ချက်ချလိုက်မိလေသည် ။ သို့သော် ရွှက်လှပန်း ဖွင့်ဟမေးရန် စိတ်မကူးချေ။ ဆာဂျင် သိပ်ခံရ ခက်လာသည့်အခါ၌ မျှဝေလာလျှင်တော့ သူမျှဝေခံစားကာ အားပေးနှစ် သိမ့်လိုက်ရုံသာ ရှိသည် ။

'ဂွတ်နိုက် ချိုင့်လေး ...'

'ဂွတ်နိုက် ဆာဂျင်'

'အထုပ်တွေကို အလုပ်သမားသယ်ခိုင်း ...'

'ဟုတ်ကဲ့ ဆာဂျင်'

အစ်ကိုကြီး တစ်ယောက်လို ပူပန်ပေးသော ဆာဂျင်ကို ကျေးဇူးတင် စွာ ကြည့်ပြီး လက်ပြကာ ရောင်နီ အထူးကုဆေးခန်း အဆောက်အဦထဲ သို့ ဝင် လိုက်လေသည် ။

***

ချိုင့်လေးကို ပို့ပေးပြီး အထူးကုဆေးခန်းတစ်ခုသို့ ဝင်ရောက်ရသေးသည် ။ ပြင်ပလူနာကို တစ်နာရီခန့် ထိုင်ပေးပြီး ည ၉ နာရီခန့်တွင် ထိုဆေးခန်း၏ ဆေးရုံတက်ကုသမှု ခံယူနေသော လူနာများအား လှည့်လည် ကြည့်ရှု စစ်ဆေးသည် ။ ၁၀ နာရီခန့်တွင် ရောင်နီသို့ ပြန်လာသည် ။ ရောင်နီ၌ ဆေးရုံတက်ကုသမှု ခံယူနေသော လူနာများကို လှည့်ပတ်ကြည့်စဉ် ခွဲခန်းနား ရောက်သွားသေးသည် ။ ချိုင့်လေး ခွဲခန်းဝင်နေသည် ။ နှုတ်မဆက် တော့ဘဲ သူပြန်ခဲ့လေသည် ။ အိမ်ရောက်တော့ ဆယ့်တစ်နာရီခွဲနေလေပြီ။ ထုံးစံအတိုင်း ဒေါ်ဖွားစိန်ပဲ တံခါး လာဖွင့်ပေးသည် ။

'သဇင်ကော ...'

'ရှိတယ်၊ အိပ်နေပြီလား အခွေကြည့်နေသလား မသိဘူး၊ နေနေ ဘာစားဦးမလဲ ...'

'မစားတော့ပါဘူး စိန်စိန်၊ မနက် ခုနှစ်နာရီ ကျွန်တော့်ကို နှိုးနော်၊ ရှစ်နာရီ ခွဲခန်းဝင်ရမှာ မို့လို့ ...'

'စိတ်ချ နေနေ ဩော် နေနေ သစ္စာဆီက ဖုန်းလာသေးတယ်၊ နေနေ အချိန်ရရင် အိမ်ကိုလာခဲ့ဦးတဲ့ ...'

'အင်း အင်း ... ကျွန်တော် သွားလိုက်ပါ့မယ် ...'

စိန်စိန်က သူ၏ မိဘများ အိမ်မှာ ကတည်းက သစ္စာရှိသောအိမ်၏ အလုပ်သမား ခေါင်းဆောင်တစ်ဦး ဖြစ်သည် ။ သူလက်ထပ်တော့ သူ့မိခင်က သူ့ချွေးမက အိမ်အလုပ်ကို စိတ်မဝင်စားကြောင်း သိသောအခါ ဒေါ်ဖွားစိန်ကို အိမ်ထောင်ထိန်းပေးရန် သူ့အိမ်သို့ ထည့်ပေးလိုက်သည် ။ ဒေါ်ဖွားစိန်ကလည်း သူ့အပေါ် ထားရှိသော သံယောဇဉ်ကြောင့် အစစအရာရာ သည်းခံကာ လိုက်လျောညီထွေစွာ နေထိုင်လေသည် ။

အိမ်ထောင်သက် (၄) နှစ်ရှိပြီ ဖြစ်သော်လည်း ဒေါ်ဖွားစိန်သာလျှင် သူ့အား ထမင်းခူးပေး၊ သူ့ ပြန်အလာကို စောင့်ကာ တံခါးဖွင့်ပေး။ သူသွားချိန်ကို သတိထားကာ နှိုးပေးပြီး စားသောက်စရာ စီစဉ် ပေးသည် ။ သူ့ဖုန်းလာလျှင် နားထောင်ပေးကာ သူ့အား ပြန်ပြောပေးတတ်သည် ။

တစ်ခါတစ်ရံ သူတွေးမိသည် ။ သူ အိမ်ထောင်ပြုခြင်းသည် ညအိပ်ဖော်တစ်ဦး ရရုံကလွဲပြီး ဘာမှ မထူးခြား။ အိမ်ထောင်ပြုခြင်း၏ အဓိပ္ပာယ်ကို သူနားမလည်နိုင်အောင် ဖြစ်မိသည် ။

သူအပေါ်ထပ် တက်လာတော့ သူ့ဇနီးက သူ့အားထွက်မကြို၊ ကုတင်ပေါ်တွင် လဲလျောင်းကာ ဗီဒီယို ကြည့်နေသည် ။

'ဇင်ဇင် မအိပ်သေးဘူးလား ...'

'ကိုကို့ ကို စောင့်ရင်း အခွေကြည့်နေတာ၊ ဇာတ်လမ်းကောင်းနေလို့ ပြီးအောင် ကြည့်လိုက်ဦးမယ်နော် ကိုကို ...'

သူ့ဇနီး၌ ကောင်းသော အရည်အချင်းက နှုတ်ချိုခြင်း ဖြစ်သည် ။ လူကလည်း လှသည် ။ သူ့ကို ဘယ်အချိန်ကြည့်ကြည့် အမြဲလှနေတတ်သည် ။ ညအိပ်ရာဝင်ချိန်တောင် ညအိပ်အင်္ကျီ လှလှလေးများကို အရောင်မထပ်စေရ။ မျက်နှာ၌ အသားအရေကို ထိန်းသိမ်းသော အလှဆီခရင်မ်တစ်မျိုးမျိုးနှင့် နှုတ်ခမ်းနီ ဖျော့ဖျော့လေးက ရှိနေဆဲ။ နေပုံထိုင်ပုံကလည်း ကြွကြွရွရွကလေးနှင့် ကျော့ကျော့ကလေး နေတတ်သည် ။

ခုချိန်၌ သဇင့်ကို စကားပြော၍ မရတော့။ သူဇာတ်လမ်းထဲ စိတ်ဝင်စားနေသည် ။ ရယ်စရာရှိလျှင် ပုလဲသွယ်တန်းလေး ပေါ်သည် အထိ ရယ်မောတတ်ပြီး ငိုစရာရှိရင်လည်း ပုလဲမျက်ရည်လေးများ ဝဲအောင် ငိုတတ်သည် ။ နောက် သူ့ရင်ခွင်၌ မျက်နှာအပ်ကာ ရှက်စနိုးလေးနှင့်

‘တကယ်မဟုတ်မှန်းလည်း သိရက်နဲ့ မျက်ရည်တွေက ဘယ်က ဘယ်လို ကျလာမှန်းမသိပါဘူး ကိုကို ရယ်၊ Heart (နှလုံး) ထိတယ်ဆိုတာမျိုး ထင်ပါရဲ့ …’

ဟု နွဲ့ကာ ပြောတတ်သည် ။

‘ဇင်ဇင် ကိုကိုတို့ ကလေးယူကြရအောင်လား၊ မမကြီးနဲ့ သွားပြကွာ …’

‘ကိုကိုကလည်း ဒါပဲပြောနေတာပဲ နားငြီးတယ်ကွာ၊ အိပ်တော့မယ် …’

သဇင်က ပြောပြောဆိုဆို သူ့ရင်ခွင်မှ ခွဲကာ တစ်ဖက်သို့ လှည့်သွားလိုက်လေသည် ။ ခဏကြာလျှင် အိပ်ပျော်သွားတော့မည်။

သူ … ပင့်သက်ရှိုက်လိုက်မိသည် ။

သူ၏ အစ်မ အကြီးဆုံး မေတ္တာရောင်မှာ မီးယပ်နှင့်သားဖွားဆိုင်ရာ အထူးကုဆရာဝန် (အိုဂျီ) တစ်ဦး ဖြစ်သည် ။ သူ့ဘက်က ဘာမှ ချို့ယွင်းချက်မရှိကြောင်း ဆေးစစ်ပြီးသဖြင့် သဇင်ကို တိုက်တွန်းနေခြင်း ဖြစ်သည် ။

အဘက်ဘက်က ပြည့်စုံသော သူတို့ လင်မယားအတွက် သားသမီးရတနာ မရှိခြင်းက ကွက်လပ်တစ်ခု ကျန်နေသလို ဖြစ်နေသည် ။ ဇင်ဇင်က သူ့ထက် (၈) နှစ်နီးပါး ငယ်နေခြင်းကပင်လျှင် သူ့အား နွဲ့ဆိုးဆိုးကာ အနိုင်ယူနေခြင်းလား။

သူ သဇင့်အား စကားဆက်မပြောလိုတော့။ သူကိုယ်တိုင်လည်း အနားယူချင် လာပြီ။ မျက်ခွံတံခါး ပိတ်လိုက်သည့် တစ်ခဏတာအတွင်း အိပ်ပျော်ခြင်းသည် လွယ်လင့်တကူ ဝင်ရောက်သွားလေတော့သည် ။

***